# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# (၁၄) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်**

**(၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ကို နံနက် ၁၀း၀၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

**[** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။**]**

**အချိန် ၊ ၁၀း၀၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ အစီအစဥ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**[** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ **]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦးရှိတဲ့အနက် ၃၈၅ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၇၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၅-၂-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့သို့ တက်ရောက်သည့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီအတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၉ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၈၅ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၄၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၄၄ ဦးအနက် ၃၅ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၉ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၂ ရက်၊

(၂) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၁ ရက်၊

(၃) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်၊

(၄) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၃ ရက်၊

(၅) ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း ခွင့် ၁ ရက်၊

(၆) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၁ ရက်၊

(၇) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၂ ရက်၊

(၈) မကွေးမဲဆန္ဒနယ်မှ ဦးမြင့်သိန်း ခွင့် ၁ ရက်နှင့်

(၉) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၁ ရက် တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ယနေ့ ခွင့်ပန်ကြားသူ ၉ ဦးအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၉ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင် ဆောင်ရွက်ပါမယ်။

**ထန်တလန်မြို့တွင် လျှပ်စစ်မီး ၂၄ နာရီရရှိရေး ဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များရှင်။ ကျွန်မ ကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မမဲဆန္ဒနယ်ဖြစ်သော ထန်တလန်မြို့သည် မြို့တစ်မြို့ဖြစ်ပါလျက် အင်ဂျင်စက်ငယ်ကလေးကို အမှီပြုပြီး မီးရရှိခဲ့ပါတယ်ရှင်။ မီးရရှိမှုအခြေအနေမှာ ရပ်ကွက်သုံး ရက်ကွက်ဖြင့် ခွဲတမ်းချပြီး တစ်ပတ်လျှင် နှစ်ည၊ သုံးညသာရရှိပြီး ည ၆ နာရီမှ ၈ နာရီခွဲအထိပဲ ရရှိတာဖြစ်ပါတယ်ရှင်။ ကြားကာလမှာ စက်အင်ဂျင်ငယ်မို့လို့ ချို့ယွင်းချက်များ၊ ဓာတ်ဆီမလုံ လောက်မှုများ များသဖြင့် မပေးနိုင်တဲ့ညများလည်း များပြားလှပါတယ်ရှင်။ သို့ဖြစ်ပါ၍ အထူးသဖြင့် ပြည်သူ့စက်ရုံများ၊ ကျောင်းသူကျောင်းသားများဟာ အင်မတန်မှ ပြဿနာ အခက်အခဲများ ကြုံတွေ့ခဲ့ပါတယ်။ လူငယ်လူရွယ်များ တိုးတက်ဖွံ့ဖြိုးမှုဟာလည်း အရမ်းခက်ခဲ လှပါတယ်။ ခေတ်နဲ့လည်း မညီတော့ပါ။ သို့ဖြစ်ပါ၍ ထန်တလန်မြို့ကို ၂၄ နာရီ မီးရရှိနိုင်ရန် အကြံပြုလိုပါတယ်။ (၁)လောလောဆယ်အနေနဲ့ ယခုလက်ရှိအသုံးပြုသော အင်ဂျင်ငယ် ၃၁၅ ကေဗွီအေကို အင်ဂျင်ကြီး ၅၀၀ ကေဗွီအေဖြင့် လဲလှယ်ပေးရန်။ (၂) နှစ်စဉ်ရေရှည်စီမံကိန်း

အတွက် ဗဟိုမှဆက်သော နေပြည်တော်လိုမျိုးမဟာဓာတ်အားလိုင်းများ စီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ကြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်း တောင်းနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦးဖြစ်ပါတယ်။ ထန်တလန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်း၏ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ချင်းပြည်နယ်၊ ထန်တလန်မြို့တွင် မီးသုံးသူ ၇၄၂ ဦးရှိရာ နေ့စဉ်ဓာတ်အားသုံးစွဲမှုမှာ ၂၁၀ ကီလိုဝပ်နာရီခန့်ရှိပါတယ်။ ထန်တလန်မြို့ကို လိုင်ဗားရေအားလျှပ်စစ်စက်ရုံနှင့် ဌာနပိုင် ၃၀၀ ကေဗွီအေမီးစက်များဖြင့် ဓာတ်အားပေးလျက်ရှိပါတယ်။ လိုင်ဗားရေအားလျှပ်စစ်စက်ရုံ ၃၀၀ ကီလိုဝပ်စက်နှစ်လုံးမှ ဟားခါးမြို့နှင့် ထန်တလန်မြို့များကို ၃ ရက်တွင် တစ်ည (ည ၁၈း၀၀ နာရီမှ ၂၃း၀၀ နာရီအထိ) ၅း၀၀ နာရီဓာတ်အားပေးထားပါတယ်။ လိုင်ဗားရေအားလျှပ်စစ်စက်ရုံမှ မီးပိတ်သောနှစ်ညကို ထန်တလန်မြို့ပေါ်သို့ ၃၀၀ ကေဗွီအေမီးစက်ဖြင့် (ည ၁၈း၀၀ နာရီမှ ၂၀း၀၀ နာရီအထိ) ၂ နာရီ ၃၀ မိနစ် မီးပေးလျက်ရှိပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်ဒီဇယ်ဓာတ်အားပေးစက်များအတွက် စက်သုံးဆီကို ကျခံသုံးစွဲနိုင်သောဘဏ္ဍာငွေအရ မီးပေးချိန်နှစ်နာရီစာတွက်ချက်ပြီး ဘဏ္ဍာရေးနှစ်အလိုက် စွမ်းအင်ဝန်ကြီးဌာနကို တောင်းခံရပါတယ်။ စွမ်းအင်ဝန်ကြီးဌာနက စက်သုံးဆီရရှိမှုပေါ်မူတည်ပြီး ဒီဇယ်စက်မြို့များကို လစဉ်ပြန်လည်ခွဲဝေသတ်မှတ်ပြီးဖြစ်ပါတယ်။ ထန်တလန်မြို့ရဲ့လက်ရှိစက်သုံးဆီရရှိမှုဟာ တစ်လလျှင် ဂါလံ ၆၀၀ ဖြစ်ပါတယ်။ ဒီဇယ်မီးစက်များဖြင့်

ဓာတ်အားပေးထားသော မြို့များအတွက် ဓာတ်အားပေးချိန်နှစ်နာရီကို လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနက ပံ့ပိုးပေးသော ဒီဇယ်ဆီဖြင့် ဓာတ်အားဖြန့်ဖြူးပေးသည့်အတွက် တစ်ယူနစ်ကို ၃၅ ကျပ်၊ စက်မှုနှုန်း ၇၅ ကျပ်တို့ဖြင့်သာ ကောက်ခံပါတယ်။ မီးပေးချိန်နှစ်နာရီထက် ပိုမိုရရှိလိုပါက လတ်တလော အခြေအနေမှာ ထပ်မံလိုအပ်တဲ့ စက်သုံးဆီကို ဒေသအာဏာပိုင်နဲ့ မြို့မီးပေးချိန်တိုးမြှင့်ရေးအဖွဲ့တို့က ဖြည့်ဆည်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ကြော-ဂန့်ဂေါမှ ဟားခါးမြို့ကို ၆၆ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ခြင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ လျာထားပြီးဖြစ်ပါတယ်။ ဟားခါးမြို့ကို ဓာတ်အားစနစ်မှ ဓာတ်အားပေးပြီးလို့ ရှိရင် ထန်တလန်မြို့သို့ ဓာတ်အားစနစ်နဲ့ ဓာတ်အားပေးရေးကိစ္စအား ဆက်လက်တိုင်းတာ ပြီးတော့မှ လျာထားနိုင်ရန်အတွက် စိစစ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လက်ရှိ ၃၁၅ ကေဗွီအေမှ ၅၀၀ ကေဗွီအေဓာတ်အားပေးစက် ပြောင်းလဲတပ်ဆင်ဖို့ကိစ္စကတော့ လောလောဆယ်အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမရပူရမဲဆန္ဒနယ်မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးသွယ်တန်းအသုံးပြုလျက်ရှိသော ကျေးရွာများ၌ နိုင်ငံတော်မှသတ်မှတ်သော လျှပ်စစ်မီတာတစ်လုံး၏ကျသင့်ငွေဖြင့် ကျေးလက်နေ သာမန်ပြည်သူများသုံးစွဲနိုင်ရန်အတွက်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်း ဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့သက်ဆိုင်သောမေးခွန်းအား မေးမြန်းတင်ပြသွားမှာ

ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်အတွင်းရှိ ကျေးရွာအချို့ဟာ ကိုယ့်အားကိုယ်ကိုးအစီအစဉ်နဲ့ လျှပ်စစ်မီးရရှိရေးအတွက် မီတာတစ်လုံးလျှင်ကျပ် ၅၀၀၀၀၀ ကနေ ပြီးတော့ ၇၀၀၀၀၀ အထိကုန်ကျခံပြီး နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် လျှပ်စစ်မီးသွယ်တန်းပြီး လျှပ်စစ်မီးသုံးစွဲလျက်ရှိကြပါတယ်။ မီတာတစ်လုံးကို ကျပ် ၅၀၀၀၀၀ ကနေ ၇၀၀၀၀၀ အထိ အကုန်ကျခံပြီး လျှပ်စစ်မီးသွယ်တန်းအသုံးပြုနေကြသူများဟာ လုပ်ငန်းရှင်များနှင့် အတော်အသင့် ငွေကြေးတတ်နိုင်သူလူလတ်တန်းစားလောက်သာဖြစ်ပြီးတော့ ကျေးလက်နေသာမန်ပြည်သူများဟာ ငွေကြေးထည့်ဝင်နိုင်မှုမရှိကြ၍ လျှပ်စစ်မီးသုံးစွဲခွင့်မရကြဘဲ တစ်စနဲ့တစ်စလူနေမှုအဆင့်အတန်း ကွာခြားလာသည်ကို ပြည်သူတို့အနေဖြင့် အားငယ်စိတ်များဖြစ်ပေါ်ခံစားလျက်ရှိကြကြောင်း အမရပူရမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များရုံးသို့လာရောက်ပြီး တင်ပြခဲ့ကြပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျေးလက်ဒေသကိုယ်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးကော်မတီဝင်များကို လျှပ်စစ် စွမ်းအားဝန်ကြီးဌာနကချမှတ်ထားသော စည်းကမ်းချက်များကိုလည်း ကျွန်တော်တို့အနေနဲ့ သိရှိ နားလည်သဘောပေါက်ပါတယ်။ သို့ပါသော်လည်း ၎င်းစည်းကမ်းချက်များဟာ အခြေခံဥပဒေ မပေါ်ပေါက်ခင်အချိန်ကတည်းက ထုတ်ပြန်ထားချက်များဖြစ်တာနှင့်အညီ အခြေခံဥပဒေနဲ့ညီ၊ မညီ။ ပြည်သူကိုအမှန်တကယ်အကျိုးပြုခြင်းရှိ၊ မရှိကို ပြန်လည်သုံးသပ်သင့်ကြောင်းကိုလည်း ကျွန်တော့် အနေနဲ့တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူတို့ရဲ့အသံကို စဉ်ဆက်မပြတ်နားထောင်လျက်ရှိကြပါတယ်။ ပြည်သူ့အသံ လွှတ်တော်အသံဖြစ်ပါတယ်။ ပြည်သူ့ဆန္ဒ ဟာလည်း လွှတ်တော်ရဲ့ဆန္ဒဖြစ်ပါတယ်။ ပြည်သူတို့ရဲ့မျှော်လင့်ချက်ကို ကျွန်တော်တို့က ဖော်ဆောင်နိုင်စေရေးအလို့ငှာ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးသွယ်တန်းအသုံးပြုလျက်ရှိသောကျေးရွာများ၌ နိုင်ငံတော်မှလျှပ်စစ်ထရန်စဖော်မာများ တပ်ဆင်ပြီး နိုင်ငံတော်မှသတ်မှတ်သော လျှပ်စစ်မီတာတစ်လုံး၏ကျသင့်ငွေဖြင့် ကျေးလက်နေသာမန် ပြည်သူတို့သုံးစွဲနိုင်ရန်အတွက် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါကမည်သည့် အချိန်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြ အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၏ မေးမြန်းချက်ကို ဖြေကြားသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်အတွင်းမှာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးသွယ်တန်းအသုံးပြုလျက်ရှိသော ကျေးရွာများမှာ မီးလင်းရေး ဆောင်ရွက်ရာမှာ မီးလင်းရေးကော်မတီများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ချမှတ်ထားသော ဝန်ခံကတိပြုလိုက်နာဆောင်ရွက်ရမည့်အချက် ၂၄ ချက်နှင့်အညီ လိုအပ်သောပစ္စည်းများကို ကျေးရွာမှကိုယ့်အားကိုယ်ကိုးစုဆောင်းငွေဖြင့်သာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။ မီးလင်းရေး ကော်မတီအနေနဲ့ ကျေးရွာပြည်သူလူထု၏ဆန္ဒအတိုင်း သဘောတူညီချက်ဖြင့်ဆောင်ရွက်ခြင်းဖြစ်ပြီး တော့ ထရန်စဖော်မာများတပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းများတည်ဆောက်ခြင်းနှင့် လုပ်ငန်းများကို မီးလင်းရေးကော်မတီမှဆောင်ရွက်ပြီးစီးပါက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ မီတာတပ်ဆင်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လောလောဆယ်တွင် နိုင်ငံတော်မှကျေးရွာများအတွင်း ဓာတ်အား လိုင်းများ၊ ထရန်စဖော်မာများတည်ဆောက်တပ်ဆင်ခြင်းကိုဆောင်ရွက်ပေးရန်အတွက်မှာ မီးမလင်း သေးသောကျေးရွာပေါင်း ၄၀၀၀၀ ကျော်ရှိသည့်အတွက် လောလောဆယ်မှာဆောက်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် နိုင်ငံတော်အနေဖြင့် လျှပ်စစ်မီတာတစ်လုံး၏တပ်ဆင်ရန်ကျသင့်ငွေကို မြို့နေ ပြည်သူလူထုနှင့် ကျေးလက်နေပြည်သူလူထုတို့အတွက် နှုန်းထားတစ်ခုတည်းဖြင့်သာသတ်မှတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းကိုယ်စား ဦးစိုင်းသိန်းအောင်မေးမြန်းဖို့ဖြစ်ပါ တယ်။

**ဦးစိုင်းသိန်းအောင်(တာချီလိတ်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများအားလုံးခင်ဗျား။ ကျွန်တော်ကတော့ တာချီလိတ် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသိန်းအောင်ဖြစ်ပါတယ်။ သီပေါမဲဆန္ဒနယ်က

ဦးရဲထွန်းရဲ့ကိုယ်စားမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စမ်းမာလာဥယျာဉ်အတွင်း တရားဝင်ဖွင့်လှစ်ထားသော ကလေးကစားကွင်းအတွင်းသို့လာရောက် ဖမ်းဆီးသောရဲတပ်ဖွဲ့မှာ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တာဝန်ပေးစေလွှတ်လိုက်သူများဖြစ်ကြောင်းသိရှိရပါ သည်။ အထက်ပါဖြစ်ပွားသွားသည်မှာ လုပ်ထုံးလုပ်နည်းအရမဖြစ်သင့်ဟု ကျွန်တော့်အနေဖြင့် ယူဆပါသည်။ အကြောင်းမှာ အဆိုပါအားကစားကွင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လိုင်စင်ချထားပေးပြီး တရားဝင်ဖွင့်လှစ်ခွင့်ပေးထားခြင်းဖြစ်သဖြင့် ပြည်သူလူထု၏စိတ်တွင် ထိုအားကစားကွင်းသို့သွားရောက်ကစားခြင်းမှာ မည်သည့်ဥပဒေချိုးဖောက်မှုမျှမဟုတ်ဟုယူဆကြပါ သည်။ အကယ်၍အဆိုပါအားကစားကွင်းမှာ တည်ဆဲဥပဒေကိုချိုးဖောက်သည့်ပြစ်မှုကျူးလွန်နေ ကြောင်းတွေ့ရှိရလျှင် အထက်မှဖွင့်ခွင့်မပေးဘဲပိတ်ခိုင်းခြင်းကို အရင်လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ထိုသို့အထက်မှညွှန်ကြားခြင်းကို မလိုက်နာပါမှသာ လိုအပ်သလိုအရေးယူသင့်ပါသည်။ ယခုကဲ့သို့ ပိတ်ပင်ရန်အကြောင်းကြားခြင်းမရှိဘဲ အလစ်တွင်ဝင်ရောက်ဖမ်းဆီးခြင်းကြောင့် အစိုးရဌာနတစ်ခု အပေါ်တွင်လည်းကောင်း၊ တရားဥပဒေအပေါ်တွင်လည်းကောင်း ပြည်သူလူထု၏ယုံကြည်မှုကို များစွာထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ ပြည်သူလူထု၏ယုံကြည်ကိုးစားမှုကိုပြန်လည်ရရှိရန်နှင့် အပြစ် မဲ့ပြည်သူအချို့နစ်နာမှုမရှိစေရန် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်းမေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ရဲချုပ် ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခု ရှမ်းပြည်နယ်၊ သီပေါမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း(ခ)ဦးမင်းထွန်း၏ကိုယ်စား တာချီလိတ်မြို့နယ်၊ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်သိန်းအောင်ရဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ကျွန်တော် ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းက ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ သီပေါမြို့၊ စမ်းမာလာဥယျာဉ်အတွင်း တရားဝင်ဖွင့်လှစ်ထားတဲ့ ကလေးကစားကွင်းအတွင်းမှာ

ကွန်ပျူတာစနစ်ဖြင့် ထိန်းချုပ်ဆောင်ရွက်တဲ့ ခေတ်မီကစားနည်း (Game) စက်များတွင် အကြွေစေ့များကို ငွေကြေးဖြင့်လဲလှယ်သောစနစ်နဲ့ လောင်းကစားဆန်တဲ့ကစားနည်းများရှိနေကြောင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ကသတင်းရရှိတဲ့အတွက် ဆောင်ရွက်ခြင်းမပြုဖို့ကစားကွင်းဂိမ်းဆိုင်အတွင်း နေထိုင်သူ ဂိမ်းဆိုင်တာဝန်ခံ ဦးထွန်းရီ(၃၂)နှစ်(ဘ) ဦးရန်ရှင်းလှိုင်ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှာတစ်ကြိမ်နှင့် ဒီဇင်ဘာလ ၁၀ ရက်နေ့မှာတစ်ကြိမ်၊ စုစုပေါင်း နှစ်ကြိမ်ခေါ်ယူသတိပေးခဲ့သလို တာဝန်ကတိလက်မှတ်များရေးထိုးစေခဲ့ပြီး သတိပေးတာမြစ်စေခဲ့ပါတယ်။ သို့သော်လည်း ခေါ်ယူသတိပေးတာမြစ်တဲ့အချိန်မှာသာ ခေတ္တရပ်နားထားခဲ့ပြီး နောက်ပိုင်းမှာဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းစိစစ်တွေ့ရှိရပါတယ်။ အဲ့ဒီကာလအတွင်း သီပေါမြို့၊ စည်ပင်သာယာပန်းခြံအတွင်းမှာရှိတဲ့ ကလေးကစားကွင်းမှာ လောင်းကြေးငွေများအသုံးပြုပြီး Game ဆိုင်များဖွင့်လှစ်နေကြောင်း၊ ကျောင်းချိန်မှာ အချို့ကျောင်းသားများက စာသင်ခန်းကိုမရောက်ရှိဘဲ Game ဆိုင်သို့ရောက်ရှိနေကြောင်း၊ ဝန်ထမ်းအချို့မှာလည်း လစာထုတ်ပြီးချိန်မှာ မိသားစုဆီကိုလစာမရောက်ရှိဘဲ Game ဆိုင်မှာကုန်ဆုံးခဲ့ရကြောင်း၊ သို့ဖြစ်၍ သီပေါမြို့ပန်းခြံအတွင်းမှာရှိတဲ့ Game ဆိုင်ကိုဖမ်းဆီးပိတ်ပင်သွားရန် သီပေါမြို့နေမိဘပြည်သူတစ်ဦးက ပြည်နယ်ရဲတပ်ဖွဲ့မှူးဆီကို သတင်းပေးပို့တိုင်ကြားလာခဲ့ပါတယ်။ တိုင်ကြားစာမှာပါရှိတဲ့အကြောင်းအရာတွေမှန်ကန်မှုရှိ၊ မရှိ သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူးရဲ့စိစစ်ချက်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အပိုင်တဲ့ ပန်းဥယျာဉ်အတွင်း လောင်းကစားဆန်တဲ့ကလေးကစားဝိုင်း Game ဆိုင်တွေဖွင့်လှစ်ထားကြောင်းသိရှိရပါတယ်။ ဒါကြောင့် အခြားမလိုလားအပ်တဲ့ အုပ်ချုပ်မှုပြဿနာများမဖြစ်ပေါ်လာစေဖို့အတွက် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ရဲ့အစီအစဉ်နဲ့ အထူးအဖွဲ့စေလွှတ်ပြီး ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့မှာ သွားရောက်ဖမ်းဆီးခဲ့ရပါတယ်။ အဲ့ဒီလိုဖမ်းဆီးရာမှာ ခေတ်မီကစားကွင်းအတွင်းမှာရှိတဲ့ ဂိမ်းစက်ပေါင်း ၂၁ လုံးအနက် အကြွေစေ့အလဲအလှယ်ပြုလုပ်ပြီး လောင်းကစားဥပဒေနဲ့ငြိစွန်းနေတဲ့ ဂိမ်းစက် ၆ လုံးတို့က လောင်းကစားပြုလုပ်နေသူ ၈ ဦး၊ လောင်းကစားပြုလုပ်ရာမှာ တာဝန်ခံငွေကြေးလဲလှယ်ပေးနေသူ မန်နေဂျာ ၁ ဦးနှင့် ဂိမ်းကစားရာမှာလဲလှယ်အသုံးပြုတဲ့ငွေ ၂၁၀၈၀၀ ကျပ်၊ ကြွေစေ့များ၊ ငွေကြေးလဲလှယ်တဲ့ဖြတ်ပိုင်းပြေစာများစတဲ့ သက်သေခံအထောက်အထားပြည့်စုံစွာနဲ့ လောင်းကစားပြုလုပ်ရာမှာပါဝင်ပတ်သက်သူများကို ဖမ်းဆီးအရေးယူခဲ့ခြင်းဖြစ်ပါတယ်။ အဲ့ဒီလို ဖမ်းဆီးအရေးယူခံရသူအားလုံးက ဂိမ်းဆိုင်မှာလောင်းကစားမှုနဲ့ပါဝင်ပတ်သက်သူများသာဖြစ်လို့ အပြစ်မဲ့ပြည်သူတစ်ဦးတစ်ယောက်မှ ပါဝင်ခဲ့ခြင်းမရှိပါ။ ဖြစ်စဉ်နှင့်ပတ်သက်လို့ ဖမ်းဆီးရမိသူတရားခံ ထွန်းရီပါ ၉ ဦးကို သီပေါ

ရဲစခန်း(ပ)၁၇၂/၁၂၊ လောင်းကစားဥပဒေပုဒ်မ ၁၃(က)/၁၄(က)နဲ့ အမှုဖွင့်အရေးယူစစ်ဆေးပြီး ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ ဥပဒေအကြံပြုချက်အရ မန်နေဂျာတရားခံ ထွန်းရီကို လောင်းကစားဥပဒေပုဒ်မ ၁၄ (က) အရနှင့် လောင်းကစားသူ ညီထွေးပါ ၈ ဦးကို လောင်းကစားဥပဒေပုဒ်မ ၁၃ (က)နဲ့ သီပေါမြို့နယ်တရားရုံးသို့ ထိုနေ့မှာပင်တရားစွဲတင်ခဲ့ပါတယ်။ တရားရုံးမ တရားလို၊ သက်သေများစစ်ဆေးပြီး တရားခံပြသက်သေများစစ်ဆေးဖို့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့သို့ ပြန်လည်ချိန်းဆိုထားကြောင်းသိရှိရပါတယ်။ အဆိုပါ ကစားကွင်းက အများပြည်သူ အပန်းဖြေဖို့အတွက်သာဖြစ်ပြီး အခကြေးငွေနဲ့ကစားတဲ့ လောင်းကစားနည်းများပါဝင်လုပ်ကိုင်ခြင်း မပြုပါကြောင်း ကစားကွင်းလုပ်ကိုင်ခွင့်ရရှိသူများက ဝန်ခံကတိပြုစာများကို ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များသို့ တင်ပြလျှောက်ထားခဲ့ခြင်းဖြစ်ပါတယ်။ အဲ့ဒီလို ဝန်ခံကတိပြုချက်များနှင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့များသို့ တင်ပြလျှောက်ထား ခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီလို ဝန်ခံကတိပြုချက်များနှင့် လျှောက်ထားချက်များအရ မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ ကစားကွင်းလုပ်ကိုင်ခွင့်လိုင်စင်ကိုချထားပေးခဲ့ခြင်းဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်၊ ရွာငံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သိန်းက ရှမ်းပြည်နယ်(တောင်ပိုင်း)အပါအဝင် လောင်းကစားမှုများပပျောက် နိုင်စေရေးအတွက် နိုင်ငံတော်မှမည်သို့မည်ပုံ ထိထိရောက်ရောက် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်လို့ ရှမ်းပြည်နယ်အတွင်း လောင်းကစားမှုများတားဆီးပပျောက်ရေး အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲ့ရည်မှန်းချက်နှင့်အညီ စီမံချက်ရေးဆွဲပြီးဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော် ကြီး၏ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံကကြိုးပမ်းဆောင်ရွက်လျက် ရှိနေဆဲကာလမှာ ဂိမ်းဆိုင်မှာလောင်းကစားပြုလုပ်နေခြင်းမျိုးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အတားအဆီးဖြစ်စေရုံသာမက ဆင်းရဲမွဲတေမှုပိုမိုများပြားလာစေမယ့်အပြင် အကျင့်စာရိတ္တ ကိုပါထိခိုက်ပျက်ပြားလာစေမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ ဆင်းရဲမှုလျော့ချရေးနှင့် အမျိုးသားအကျင့်စာရိတ္တမှန်ကန်တည့်မတ်စေရေးအတွက် လည်းကောင်း အတားအဆီးဖြစ်နေတဲ့လောင်းကစားမှုများကို စီမံချက်ချမှတ်ပြီး တရားဥပဒေနှင့်အညီ ဆက်လက်ဖော်ထုတ်ဖမ်းဆီးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။ (ညြဘာသံများ)

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ အရည်အချင်းသတ်မှတ်ချက်များနှင့် ဒုရဲအုပ်လောင်းဝင်ခွင့် စာမေးပွဲများနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံခညောင်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ ကြယ်ပွင့်ပြမေးခွန်းများကိုမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျာ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ ဒုရဲအုပ်အရာရှိအဖြစ် ဒုရဲအုပ်လောင်းများရွေးချယ်ခန့်ထားခြင်းနှင့် ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရဲ့ ၁.၄.၁၉၉၁ ရက်စွဲပါစာအမှတ် ၁၀၀ ပရခ/၃/ ရေး(၁) နဲ့ အရည်အချင်းသတ်မှတ်ပြဋ္ဌာန်းရာမှာ ရဲလက်စွဲပထမတွဲ အခန်း ၄ ၊ အပိုဒ် ၉ အရ အသက် ၄၀ နှစ်ထက်မကြီးသော တပ်တွင်းဘွဲ့ရဝန်ထမ်းများ၊ ဒုရဲအုပ်လောင်းစာမေးပွဲဖြေဆိုခွင့်ရှိကြောင်း အချက် ၁ ချက်ပြဋ္ဌာန်းပါရှိပါတယ်။ သို့ရာမှာ ယခုအခါ မြန်မာနိုင်ငံရဲတပ်ဖွဲ့လောင်းများ လျှောက်လွှာခေါ်ယူရာ၌ ပြင်ပဘွဲ့ရအမျိုးသား အသက် ၂၇ နှစ်အောက်နဲ့ တပ်တွင်းဘွဲ့ရဝန်ထမ်း အသက် ၃၀နှစ်အောက်လို့ အသက်ကန့်သတ်ချက်နဲ့ ခေါ်ယူလျက်ရှိကြောင်းသိရှိရပါတယ်။ အသက် ၄၀ နှစ်ထက်မကြီးလို့သတ်မှတ်ထားရာမှ ၃၀ နှစ်အောက်လို့သတ်မှတ်လိုက်ခြင်းအားဖြင့် အသက် ၃၀ နှစ်ထက်ကျော်လွန်သော တပ်တွင်းဘွဲ့ရဝန်ထမ်းများအတွက် အခွင့်အလမ်းများဆုံးရှုံးသွားပြီလို့ ခံစားနေကြရကြောင်းကြား သိရပါတယ်။ သူတို့ဟာတက္ကသိုလ်ဝန်ထမ်းအောင်မြင်ကတည်းက လစာပိုကောင်းတဲ့ တစ်ခြားသော ဝန်ကြီးဌာနများထက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ တာဝန်ထမ်းဆောင်လိုတဲ့ရည်မှန်းချက်နဲ့ ရိုးရိုးရဲတပ်သားအဖြစ်စတင် ဝင်ရောက်လာပါတယ်။ ရဲတပ်သားဘဝမှာလည်း နယ်စွန်နယ်ဖျားဒေသတွေ၊ သွားလာရေးခက်ခဲတဲ့ဒေသတွေမှာ သွားရောက်တာဝန်ထမ်းဆောင်ရင်းနဲ့ တက္ကသိုလ်တွေက

ဘွဲ့တစ်ခုခုရရှိအောင် ကြိုးပမ်းအားထုတ်ခဲ့ကြရပါတယ်။ ရဲတပ်သားဘဝနဲ့ တာဝန်ထမ်းဆောင်စဉ် ကာလအတွင်း နိုင်ငံတော်နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ် သစ္စာစောင့်သိတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပါတယ်။ တစ်ချို့မှာငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးတံဆိပ်၊ ရဲချုပ်နဲ့ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးများရဲ့ အမှုထမ်းကောင်းလက်မှတ် များတောင်ရရှိထားတဲ့ လူတွေပါဝင်နေပါတယ်။ ဝင်ခွင့်စာမေးပွဲတွေဖြေဆိုရာမှာလည်း ရောက်ရှိနေတဲ့နေရာဒေသအရ အခက်အခဲအကြောင်းအမျိုးမျိုးကြောင့် ဖြေဆိုခွင့်မရတာတွေရှိနိုင်သလို ကြိုတင်ပြင်ဆင် ကျက်မှတ်သင်ယူနိုင်ဖို့ အခွင့်အလမ်းတွေ နည်းပါးတာကိုလည်းသူတို့ကြုံတွေ့ခဲ့ရပါတယ်။ သို့သော် ဘယ်လိုပဲအခက်အခဲရှိစေကာမူ ၁၉၉၁ ခုနှစ်ကထုတ်ပြန်ထားတဲ့ နဂိုမူလသတ်မှတ်ပြဋ္ဌာန်းချက်အရ အသက် ၄၀ ပြည့်သွားတဲ့အထိ ဒုရဲအုပ်လောင်းစာမေးပွဲကို ဖြေဆိုခွင့်ရရှိခဲ့ပြီးတော့ အောင်မြင်မှုမရခဲ့ဘူးဆိုရင် သူတို့အနေနဲ့ညံ့လို့ အရည်အချင်းမရှိ၊ မပြည့်မီလို့ မှတ်ယူလို့ ကျေနပ်လက်ခံကြပါကြောင်း၊ အခုတော့အသစ်ထုတ်ပြန်လိုက်တဲ့အမိန့်ညွှန်ကြားချက်အရ အသက် ၃၀ စွန်းစွန်းကျော်ရုံမျှနဲ့ ဒုရဲအုပ်လောင်းဝင်ခွင့်စာမေးပွဲကိုဖြေဆိုခွင့်မရတော့လို့ သူတို့ရဲ့ကြိုးစားထား သမျှတွေ၊ မျှော်လင့်ချက် ရည်မှန်းချက်တွေ ဖြစ်မလာနိုင်တော့တဲ့အတွက် စိတ်ပျက်မိကြောင်း ရင်ဖွင့်တင်ပြလာကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျာ တကယ်တော့မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အားလုံးဟာလည်း ကျွန်တော်တို့ရဲ့မဲဆန္ဒရှင်တွေပဲဖြစ်ပါတယ်။ ရဲတပ်ဖွဲ့ဝင်အတွင်းမှာ ဒီလိုမျိုးကြုံတွေ့ခံစားနေကြ ရသူတွေများစွာရှိနိုင်ပါတယ်။ ရဲတပ်ဖွဲ့ကိုတိုးချဲ့ဖွဲ့စည်းဖို့ လိုအပ်နေတဲ့ခုလိုကာလမျိုးမှာ အရည်အချင်းရှိ သစ္စာစောင့်သိ တာဝန်ကျေပွန်မှု၊ ကြိုးစားအားထုတ်ခဲ့မှုတွေနဲ့ သူတို့ရဲ့လုပ်သက် တွေကို အသိအမှတ်ပြုထောက်ရှုပြီး နည်းလမ်းရှာကြံဖြေလျှော့ပေးသင့်တယ်လို့ ထင်မြင်ယူဆ မိပါတယ်။ သို့ဖြစ်ပါ၍ အသက် ၃၀ ကျော်သွားလို့ ဒုရဲအုပ်လောင်းဝင်ခွင့် စာမေးပွဲဖြေဆိုခွင့် မရတော့တဲ့ တပ်တွင်းဘွဲ့ရရဲဝန်ထမ်းများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ မေးခွန်း (၁) ယခုကျင့်သုံးဆောင်ရွက်နေသော ဒုရဲအုပ်လောင်း ဖြေဆိုခြင်း နှင့်စပ်လျဉ်း၍ အရည်အချင်းပြဋ္ဌာန်းချက်များသည် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၏ ၁.၄.၁၉၉၁ ရက်စွဲပါစာအမှတ် ၁၀၀ ပရခ/၃/ ရေး ၁ အရ ညွှန်းဆိုသော ရဲလက်စွဲ အခန်း ၄ ပထမတွဲ အပိုဒ် ၉ အရ အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိဟုယူဆလျှင် ခန့်ပါသလား။ မေးခွန်း (၂) ဒုရဲအုပ်လောင်းဝင်ခွင့်စာမေးပွဲဖြေဆိုကြရာတွင် တပ်တွင်းဘွဲ့ရ ဝန်ထမ်းများ၏ မျှော်လင့်ရည်မှန်းချက် ၊ ကြိုးစားအားထုတ်မှု၊ နိုင်ငံတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့

အပေါ်သစ္စာစောင့်သိတာဝန်ကျေပွန်မှု၊ ရရှိခဲ့သောဆုတံဆိပ်များ၊ အမှုထမ်းကောင်းလက်မှတ်များ အတွက် ထည့်သွင်းစဥ်းစားခြင်းပြု၊ မပြု သိရှိလိုပါကြောင်း လေးစားစွာမေးမြန်းအပ် ပါတယ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကဖြေကြားဖို့ဖြစ်ပါတယ်။

**ရဲချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်ရဲ့မေးခွန်းနဲ့စပ်လျဥ်းလို့ ကျွန်တော်ပြည်ထဲရေး ဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ရဲချုပ်ကျော်ကျော်ထွန်းကဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အရာရှိများ အင်အားဖြည့် ပေးနိုင်ဖို့ ဒုရဲအုပ်အဆင့်အရာရှိများအတွက် ဒုရဲအုပ်လောင်းများရွေးချယ်ခန့်ထားခြင်းနှင့်ပတ်သက်လို့ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရဲ့ ၁၉၉၁ခုနှစ် ဧပြီလ ၁ ရက်စွဲပါစာအမှတ် ၁၀၀-ပခရ/၃/ ရေး(၁)အရ ညွှန်းဆိုတဲ့ရဲလက်စွဲပထမတွဲ အခန်း ၄ အပိုဒ် ၉၁ အရပြဌာန်းထားတဲ့လုပ်ထုံးလုပ်နည်းများနဲ့အညီ အရည်အချင်းသတ်မှတ်လျှောက်လွှာများခေါ်ယူ၍ ရွေးချယ်ပြီး ဒုရဲအုပ်သင်တန်းများဖွင့်လှစ် ခန့်ထားခဲ့ပါတယ်။ အဲ့ဒီလိုရွေးချယ်ထားရာမှာ ပြင်ပအရပ်သားများဖြစ်ပါက မြန်မာနိုင်ငံသား အသက် ၂၀ နှစ်ထက်မငယ်၊ ၂၇ နှစ်ထက်မကြီးသူ၊ အရပ် ၅' ၂" ၊ ရင်အုပ် ၃၂" ၊ ကိုယ်အလေးချိန် ၁၁၀ ပေါင်၊ ဆေးအဆင့် (က) မျက်မှန်တပ်ဆင်ထားခြင်းမရှိသူ၊ ပညာအရည်အချင်းအနေနဲ့ တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူ၊ ပါတီနိုင်ငံရေးကင်းရှင်းသူများနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွင်းမှာရှိတဲ့ အမှုထမ်းများ၊ စာရေးဝန်ထမ်း များဖြစ်ပါက အသက် ၄၀ နှစ်ထက်မကြီးသူ၊ ဆေးအဆင့် (က) မျက်မှန်တပ်ဆင်ထားခြင်းမရှိသူ၊ သတ်မှတ်သင်တန်းများတက်ရောက်ပြီး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ၊ အမျိုးသားများအနေနဲ့ အရပ် ၅'၂" ၊ ရင်အုပ် ၃၂" ၊ ကိုယ်အလေးချိန် ၁၁၀ ပေါင်နဲ့ အမျိုးသမီးများအနေနဲ့ အရပ် ၅' ၊ ကိုယ်အလေးချိန် ၉၅ ပေါင်ရှိတဲ့လူများအနက်က အရည်အချင်းသတ်မှတ်ချက် များနဲ့ကိုက်ညီမှု ရှိသူများကိုသာ စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းသန်းနိုင်ရဲ့

မေးခွန်းပါ ရဲလက်စွဲပထမတွဲ အခန်း(၄) အပိုဒ် ၉ အရစိစစ်ရွေးချယ်ခြင်း မဟုတ်ပါ။ ရဲလက်စွဲ ပထမတွဲ အခန်း(၄) အပိုဒ် ၉၁ အရ စိစစ်ရွေးချယ်ခြင်းဖြစ်ပါတယ်။ ရဲလက်စွဲ ပထမတွဲ အခန်း(၁) အပိုဒ် ၉ မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်ရင်းများရှိ အဖွဲ့ဝင်များရာထူးနေရာလစ်လပ်၍ ရာထူးအဆင့် တိုးမြှင့်ရေး နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့လုပ်ထုံးလုပ်နည်းအတိုင်း ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့ရုံးမှတဆင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်သို့ အဆင့်ဆင့် တင်ပြထောက်ခံသွားရန်ဖြစ်သည်လို့သာ ပြဌာန်းထား တဲ့အတွက် အဲ့ဒီအပိုဒ် ၉ က ရဲတပ်ရင်းများမှာရှိတဲ့ ရဲတပ်ဖွဲ့ဝင်များအတွက် ရာထူးတိုးမြှင့်ပေးရေးဆိုင်ရာ ပြဌာန်းချက်ဖြစ်ပါတယ်။ နိုင်ငံတော်လိုအပ်ချက်အရ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှာရှိတဲ့ အရာရှိအလိုအင်အားများ ဖြည့်တင်းပေးနိုင်ရန်နှင့် ရေရှည်တာဝန် ထမ်းဆောင်နိုင်မယ့် သွက်လက်ဖျတ်လက်တဲ့လူငယ်များ ပေးအပ်နိုင်ရေးအတွက် ဒုရဲအုပ်လောင်း သင်တန်းခေါ်ယူခဲ့ရာမှာအသက်ကန့်သတ်ချက်များကို နှစ်ကာလအလိုက် ပြည်ထဲရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ ရဲ့ အစည်းအဝေးဆုံးဖြတ်ချက်များနဲ့အတူ မူများချမှတ်ခဲ့တဲ့ နေရာမှာ ၂၀၀၀ ခုနှစ်မှာ ရဲအရာခံ ရဲတပ်ကြပ်ကြီးများ အသက် ၃၅ နှစ်ထက်မကြီးရ။ ရဲတပ်သားမှ ရဲတပ်ကြပ်အဆင့် အသက် ၃၀ နှစ်ထက်မကြီးရ။ ၂၀၀၄ ခုနှစ်မှာ ရဲအရာခံ၊ ရဲတပ်ကြပ်ကြီးများ အသက် ၃၀ နှစ်ထက်မကြီးရ။ ရဲတပ်သားမှ ရဲတပ်ကြပ်အဆင့် အသက် ၂၇ ထက်မကြီးရ။ ၂၀၀၆ ခုနှစ်မှာ ပြင်ပဘွဲ့ရအရပ်သား များ အသက် ၂၇ နှစ်ထက်မကြီးရ။ တပ်ဖွဲ့ဝင်များ အသက် ၂၇ ထက်မကြီးရ။ ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်မှာ ပြင်ပဘွဲ့ရအရပ်သားများ အသက် ၂၇ နှစ်ထက်မကြီးရ၊ တပ်ဖွဲ့ဝင်များ အသက် ၃၀ နှစ်ထက်မကြီးရဆိုပြီး ၂၀၀၉ ခုနှစ်မှစ၍ ယခုထက်တိုင် တပ်ဖွဲ့ဝင်များထဲက အသက် ၃၀ နှစ်ထက်မကြီးသူများကို ရွေးချယ်ခေါ်ယူလျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှာ တာဝန်ထမ်း ဆောင်စဉ် သစ္စာစောင့်သိမှု၊ တာဝန်ကျေပွန်မှု၊ ဆုတံဆိပ်များအမှုထမ်းကောင်းလက်မှတ်ရရှိမှု များ နှင့်ပတ်သက်လို့ ယင်းအဖြေရမှတ်မှာ ထည့်သွင်းတွက်ချက်ပြဌာန်းထားခြင်း မရှိပေးမယ့် လည်း ဒု-ရဲအုပ်လောင်းရွေးချယ်ရေးဗဟိုအဖွဲ့က လူတွေ့စစ်ဆေးတဲ့အခါမှာ ဘယ်လိုဆုမျိုးရရှိခဲ့ ဖူးတာကို စစ်ဆေးမေးမြန်းပြီး လူတွေ့စစ်ဆေးတဲ့ရမှတ်ထဲမှာ စိစစ်ထည့်သွင်းဆောင်ရွက်ပေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## သက်ကြီးစပါးဈေးကွက် မည်သို့ရှာဖွေ ဆောင်ရွက်ထားပါသနည်းနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းရီဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လယ်သမားများ စိုက်ပျိုးထုတ်လုပ် သော သက်ကြီးစပါး ဈေးကောင်းရရှိရေးအတွက် မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃ တွင် နိုင်ငံတော် သည် တောင်သူလယ်သမားများ၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန်နှင့် စိုက်ပျိုး ထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန် ကူညီဆောင်ရွက်ပေးမည် ဟု ပြဋ္ဌာန်းထားပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်၏ လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ တောင်သူလယ်သမား မိသားစုဝင်များဖြစ်ကြပါတယ်။ တောင်သူလယ်သမားများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားလာသည်နှင့်အမျှ နိုင်ငံတော်ကြီးအဆင့်အတန်းမြင့်မားလာမည်။ စီမံကိန်း၊ စီမံချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိသော ကျေးလက်နေပြည်သူများ၊ ဆင်းရဲနွမ်းပါးမှုများ လျော့ကျသွားနိုင်မည်ဖြစ်ပါကြောင်း လယ်သမားများ၏ စိုက်ပျိုးထုတ်လုပ် သော ကောက်ပဲသီးနှံများ ထုတ်လုပ်မှုတွက်ခြေကိုက်သော ဈေးကွက်၊ ဈေးကောင်းရဖို့ လိုအပ်လျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ သက်ကြီးစပါးဈေး၊ သက်ကြီးစပါးများ၏ အရည်အသွေးသည် နိုင်ငံတကာတွင် ပထမအဆင့်ရှိ သည်ဟု သိရပါသည်။ အဆိုပါသတင်းအရ စပါးဈေးကောင်းသည်ဆိုပြီး ၂၀၁၂ ခုနှစ် မိုးရာသီ တွင် လယ်သမားများသည် သက်ကြီးစပါးများကို ပိုမိုစိုက်ပျိုးထုတ်လုပ်ကြပါသည်။ ယခု အချိန် တွင်

သက်ကြီးစပါးဈေးမှာ တင်း ၁၀၀ လျှင် ၄၅၀၀၀၀ ခန့် ရှိပါသည်။ ရာသီဥတုဖောက်ပြန်မှုကြောင့် တစ်ဧကအထွက်နှုန်းမှာ သက်ကြီးစပါး တင်း ၄၀ သာ ရရှိပါသည်။ ပေါက်ဈေးအရ တွက်ပါက တစ်သိန်းရှစ်သောင်းသာ ဖြစ်ပါသည်။ တစ်ဧကကုန်ကျစရိတ် တစ်သိန်းငါးသောင်းခန့် နုတ်လျှင် သုံးသောင်းသာ ခံစားရပါကြောင်း ၆ လကျော် စောင့်ဆိုင်းမျှော်လင့်၍ လုပ်ကိုင်လာကြသော လယ်သမားမိသားစုများ၏ စာရေး၊ ဝတ်ရေး၊ နေရေးပညာရေးတို့အတွက် လုံလောက်မှုမရှိဘဲ မပြေလည်မှုများဖြင့် သံသရာလည်ကြုံတွေ့နေရပါသည်။ ဒါကြောင့် လယ်သမားများ စိုက်ပျိုးထုတ်လုပ်သော သက်ကြီးစပါးဈေးကွက် ရှာပေးရန် လိုအပ်ပါကြောင်း အာမခံသော၊ အာမခံနိုင်သော အရှုံးမပေါ်သော စပါးဈေးကွက်များရှိဖို့ လိုကြောင်း သုံးသပ်ရရှိပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သည် ဈေးကွက်သွက်လက်မြင့်မားစေရန် အရန်စပါးများ ဝယ်ယူခဲ့ပါသည်။ တင်ဒါရရှိသည့်အဖွဲ့သည် ဝယ်ယူသည့်ဒေသများ ကွက်ပြည့်မဆောင်ရွက်နိုင်ခဲ့ခြင်း၊ အနည်းငယ်သတ်မှတ်ဝယ်ယူခြင်းတို့ကြောင့် ဝယ်ယူခြင်းမရှိသော ဒေသများ၏ စပါးဈေးများကို နှိမ်ယူဝယ်ယူခြင်းများ ရှိခဲ့ပါကြောင်း လယ်သမားလက်တွင် စပါးမရှိသောအချိန်မှ မြင့်၍ဝယ်ယူခြင်မှာ ဈေးကောင်းမခံစားရသော အခြေအနေများတွင်ရှိခဲ့ပါကြောင်း စပါးပေါ်ချိန်တွင် နိုင်ငံတော်အနှံ့မြို့နယ်တိုင်းတွင် တရားဝင် အဝယ်ဒိုင်ဖွင့်လှစ်ဝယ်ယူမည်ဆိုပါက လယ်သမားများ၏ ဈေးအနှိမ်မခံရကြောင်း သုံးသပ်ရရှိပါသည်။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားများထုတ်လုပ်သော သက်ကြီးစပါးဈေးကွက်ကောင်းမွန်ရန် လိုအပ်ပါသဖြင့် တောင်သူလယ်သမားအကျိုးငှာ အောက်ပါမေးခွန်းများ မေးမြန်းရခြင်းဖြစ်ပါသည်။ မေးခွန်း(၁)တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သော သက်ကြီးစပါးဈေးအား အရှုံးမပေါ်သော ထုတ်လုပ်မှုစရိတ်ကာမိစေသော ဈေးကွက်ရရှိရေးအတွက် မည်သို့စီမံဆောင်ရွက်ထားပါသနည်း။ မေးခွန်း(၂) သက်ကြီးပါးဈေးများ မည်သည့်အချိန်၊ မည်သည့်အခြေအနေအရ စပါးဈေးကွက် ကောင်းနိုင်ပါမည်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာကြပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းရီရဲ့ ကြည်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးအုန်းသန်းမှ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ မိုးစပါးဧက ၁၆ သန်းကျော်နှင့် နွေစပါးဧက ၂.၆ သန်းကျော်ဖြင့် စုစုပေါင်း စပါးဧက ၁၈ သန်းကျော်ကို နှစ်စဉ်စိုက်ပျိုးလျက်ရှိပါတယ်။ ထိုသို့ မိုးစပါးစိုက်ပျိုးရာမှာ စိုက်ပျိုးထုတ်လုပ်မှုအနေနဲ့ ရေတော် မိုးတော်ဧက ၁၀.၆ သန်း စိုက်ဧကရဲ့ ၆၅.၉၃ ရာခိုင်နှုန်း၊ ရေကြီးကွင်း ၁.၂၈ သန်း(၇.၂၉ ရာခိုင်နှုန်း)၊ ရေနက်ကွင်း ၈ သိန်းကျော် (၄.၉၈ ရာခိုင်နှုန်း)၊ သဲဆန့်ကုန်းကြော ၂.၃၉ သန်း(၁၄.၈၄ ရာခိုင်နှုန်း)၊ တောင်ယာဧက ၆.၅ သိန်းကျော်(၄ ရာခိုင်နှုန်း)၊ ယာသက်သက်စိုက်ဧက ၂ သောင်းကျော် (၀.၁၆ ရာခိုင်နှုန်း)နဲ့ ပင်လယ်ရေငံဝင်ဧက ၂.၃ သန်း ကျော် (၁.၄၄ ရာခိုင်နှုန်း)နှင့် အခြားဒေသများမှာ ၁.၁၅ သိန်း (၀.၇၁ ရာခိုင်နှုန်း) စိုက်ပျိုးလျက်ရှိပါတယ်။ ၎င်းအပြင် မိုးစပါးကို စပါးသက်တမ်းအလိုက် သက်လျင်စပါးမျိုး ၁.၈ သန်းကျော် (၁၁.၂၈ ရာခိုင်နှုန်း)၊ သက်လတ်စပါးမျိုး ၁၀.၈၆ သန်း(၆၇.၃၃ ရာခိုင်နှုန်း)နှင့် သက်ကြီးစပါးမျိုးဧက ၃.၄၅ သန်း(၂၁ ရာခိုင်နှုန်း)ကျော် စိုက်ပျိုးလျက်ရှိရာ သက်လျင်နှင့် သက်လတ်စပါးမျိုးများကို မိုးစပါး၊ နွေစပါးနှစ်ရာသီလုံးမှာ စိုက်ပျိုးပြီး သက်ကြီးစပါးမျိုးတွေကိုတော့ ရေကြီးကွင်း၊ ရေနက်ကွင်းနှင့် ဆားငန်ရေဝင်ဒေသများမှာ အများဆုံးမိုးစပါးရာသီမှာသာ အဓိကစိုက်ပျိုးကြပါတယ်။ ထို့အပြင် စပါးမျိုးများကို သက်တမ်းစပါးမျိုးနဲ့ ရာသီစပါးမျိုးဟူ၍ နှစ်မျိုးရှိရာ သက်ကြီးစပါးမျိုးမှာ ရာသီစပါး မျိုးများ ဖြစ်ပါတယ်။

သက်ကြီးစပါးမျိုးများဖြစ်တဲ့ ပေါ်ဆန်း၊ ကမာကြည်၊ မီးဒုံး၊ ငကွဲ၊ ငစိန်၊ ရွှေတဆုပ်၊ နှံကား၊ မီးကောက်၊ လက်ရုံးကြီး၊ အဏ္ဏဝါဗိုလ်၊ တစ်တောင်ပို၊ ဆစ်ဖွားစတဲ့ စပါးမျိုးကွဲပေါင်း ၂၂ မျိုး စိုက်ပျိုးလျက်ရှိရာမှာ ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးမှာ ၂.၁၇ သန်းကျော်စိုက်ပျိုးခဲ့ပြီး ၂၀၁၁-၂၀၁၂

ခုနှစ် စုစုပေါင်းစိုက်ဧကရဲ့ ၁၆ သန်းကျော်မှာ(၁၃.၄၅ ရာခိုင်နှုန်း)ရှိပါတယ်။ ပျမ်းမျှအထွက်နှုန်းအား ဖြင့် ၅၀ ပတ်ဝန်းကျင်ဖြင့် တင်းပေါင်း ၁၂၄ သန်း မြန်မာနိုင်ငံမှာ သက်ကြီးစပါးထုတ်လုပ်ပြီး စုစုပေါင်းထုတ်လုပ်မှုရဲ့ ၈.၉၄ ရာခိုင်နှုန်းပါဝင်ပါတယ်။ ၂၀၁၂-၂၀၁၃ မိုးစပါးရာသီမှာလည်းပဲ သက်ကြီးစပါးစုစုပေါင်း ၂.၄၁ သန်းကျော် စိုက်ပျိုးပြီး မိုးစပါးစုစုပေါင်း စိုက်ဧကရဲ့ ၁၅ ရာခိုင်နှုန်း ကျော်ရှိပါတယ်။ သက်ကြီးစပါးများကို များသောအားဖြင့် ရေကြီးကွင်း၊ ရေနက်ကွင်းများ ဒီရေအတက်အကျရှိသော ဒေသများအပါအဝင် အခြားရေမြေသဘာဝ သင့်တော်တဲ့ နေရာတွေမှာ စိုက်ပျိုးလျက်ရှိပါတယ်။ သက်ကြီးစပါးမျိုးအုပ်စုမှာ ပါဝင်တဲ့စပါးမျိုးများကို များသောအားဖြင့် ဒေသတွင်းစားသုံးမှုအတွက် ကြိုက်နှစ်သက်မှုရှိကြပြီး ပေါ်ဆန်းအုပ်စုစပါးများမှာ စားသုံးမှု အရည်အသွေးကောင်းမွန်မှုကြောင့် ဈေးကောင်းရတဲ့စပါးမျိုး ဖြစ်ပါတယ်။ သက်လျင်၊ သက်လတ် စပါးမျိုးများဟာ သက်တမ်းစပါးမျိုးဖြစ်သဖြင့် မိုးစပါးရာသီမှာ အချိန်စောပြီး ရိတ်သိမ်းရတဲ့ စပါးမျိုးများ ဖြစ်ပါတယ်။ သက်ကြီးစပါးအုပ်စုစပါးမျိုးများမှာ များသောအားဖြင့် နိုဝင်ဘာလ နောက်ပိုင်းမှသာ ရိတ်သိမ်းနိုင်တဲ့စပါးများဖြစ်သဖြင့် မိုးစပါးလှိုင်လှိုင်ပေါ်ပြီးမှ ထွက်ရှိလာတဲ့ စပါးမျိုးများ ဖြစ်ကြပါတယ်။ သို့ဖြစ်၍ မိုးစပါးပေါ်စကာလမှာ အခြားစပါးမျိုးများနှင့် ကျယ်ကျယ် ပြန့်ပြန့် ယှဉ်ပြိုင်ရောင်းချမှုရှိပြီး ဈေးကွက်အနေအထားမှာ ရောင်းလိုအား(Supply)ဟာဝယ်လိုအား (Demand) ထက်များသဖြင့် အခြားစပါးမျိုးများနည်းတူ စပါးဈေးအတူတူလို ဖြစ်နိုင်ပါတယ်။

သက်ကြီးစပါးအုပ်စုမျိုးများဟာ ပေါ်ဆန်းအုပ်စုဝင် ပေါ်ဆန်းမွှေး၊ ပေါ်ဆန်းဘေးကြား၊ ပေါ်ဆန်းယာဉ်စတဲ့စပါးများဟာ စားသုံးမှုအရည်အသွေးကောင်းမွန်သဖြင့် စားသုံးသူဈေးကွက်၌ ဈေးကောင်းရရှိတဲ့စပါးမျိုးများ ဖြစ်ကြပါတယ်။ အခြားသက်ကြီးအုပ်စုဝင် စပါးမျိုးများဖြစ်တဲ့ ငစိန်၊ လက်ရုံးကြီး၊ အဏ္ဏဝါဗိုလ်၊ ကမာကြည်စတဲ့ စပါးမျိုးများဟာ ပေါ်ဆန်းအုပ်စုဝင်စပါးများထက် စားသုံးမှုအရည်အသွေးကောင်းတဲ့ လျော့နည်းတဲ့အတွက် မုန့်လုပ်ငန်းများနဲ့ အခြားလုပ်ငန်းများမှာ အသုံးများလာသဖြင့် ဈေးကွက်ရှိလာပါတယ်။ ပေါ်ဆန်းကဲ့သို့သော အဆင့်မြင့်စပါးမျိုးများကို ဈေးနှုန်းကြီးကြီးမားမားမမြင့်သော်လည်း အခြားဧည့်မထစပါးများဖြစ်တဲ့ မနောသုခ၊ ဧရာမင်း၊ ဇီယာ၊ ဆင်းသုခ စတဲ့စပါးများနဲ့ နှိုင်းယှဉ်လျှင် ဈေးနှုန်းဟာ ပိုမိုရရှိလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ သို့ရာတွင် စပါးဈေးနှုန်းမှာ စပါးအမျိုးအစားကိုလိုက်ပြီး အရည်အသွေးပေါ်မူတည်ပြီး ဈေးနှုန်း ကွာခြားမှုဖြစ်ပေါ်သကဲ့သို့ ဝယ်လိုအားပေါ်မှာ မူတည်ပြီးလည်း ဈေးနှုန်းပြောင်းလဲမှုရှိပါတယ်။ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းက ဦးဆောင်ပြီး ဆန်ကုန်သည်ကြီးများအသင်း၊ မြန်မာ နိုင်ငံ

ဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ ပြည်တွင်း ပြည်ပဆန်ရောင်းဝယ်မှုလုပ်ငန်းများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပါဝင်ဆောင်ရွက်လျက်ရှိကြရာမှာ ဆန်ပြည်ပတင်ပို့ရောင်းချမှုမှာ သက်ကြီးစပါးမျိုးများဖြစ်တဲ့ စားသုံးမှုအရည်အသွေးကောင်းမွန်တဲ့ ပေါ်ဆန်းအုပ်စုဆန်များ ဈေးကွက်ရှာဖွေတင်ပို့နိုင်ရေး၊ ဈေးနှုန်းရရှိရေးတို့ကို မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းချုပ်မှ ဦးဆောင်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင် အရန်ဆန်များကိုလည်း လယ်သမားများ နစ်နာမှုမရှိစေရန် ဒေသအလိုက် ဝယ်ယူလျက်ရှိပါတယ်။

ထိုသို့ အရည်အသွေးကောင်းဆန်များကို ဈေးကွက်လိုအပ်ချက်နဲ့အညီ တင်ပို့ရောင်းချနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့် သက်ကြီးအုပ်စုစပါးမျိုးများကိုလည်း ဒေသအလိုက် မျိုးသန့်ဇုန်များ တည်ထောင်ပြီး စိုက်ပျိုးဆောင်ရွက်သွားနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟာ လယ်ယာထွက်ကုန်သီးနှံများ ဈေးကောင်းရရှိရေးနှင့် တွက်ခြေကိုက်ရေးတို့အတွက်ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိရာမှာ ဈေးကွက်မှာ ဆန်ကောင်းမှ ဈေးကောင်းရရှိနိုင်သည်ဟူသော ဖြစ်ပေါ်ချက်ကို အလေးထားလျက်ရှိပါတယ်။ သို့ဖြစ်ရာ သက်ကြီးစပါးအပါအဝင် စပါးသီးနှံများအားလုံးနှင့် အခြားသီးနှံများကို အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း၊ မျိုးကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးနိုင်ရေး၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များဖြင့် စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေးနဲ့ လေလွင့်ဆုံးရှုံးမှုများ သက်သာစေရေး၊ အရည်အသွေးမြင့်မားရေးအတွက် ရိတ်သိမ်းချိန်လွန်နည်းပညာများ အသုံးပြုထုတ်လုပ်ရေး အရည်အသွေးမြင့်ဆန်များ ကြိတ်ခွဲထုတ်လုပ်နိုင်ရေးတို့အတွက် ခေတ်မီဆန်စက်ကြီးများ တည်ထောင်ကြိတ်ခွဲနိုင်ရေးတို့ကိုလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကအခန်းကဏ္ဍမှ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေးမှသည် အရည်အသွေးမီ ကုန်ချောများထုတ်လုပ်သည်ထိ လုပ်ငန်းစဉ်အဆင့်ဆင့်အားလုံးတွင် ပူးပေါင်း ပါဝင် ဆောင်ရွက်နိုင်ရေးကိုလည်း တိုက်တွန်းအားပေးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်း ဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

## မြောင်မြို့နယ်၊ တွင်းကြီး (ပရိမ္မ) မြစ်ရေတင်စီမံကိန်းဆောင်ရွက်ပေးခဲ့မှု အခြေအနေနှင့် စပ်လျဉ်းသည့် မေးခွန်း

**ဥက္ကဋ္ဌ။** ။ မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအုန်းငွေ(မြောင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ ကျွန်တော်တို့ မြောင်မြို့နယ်ဟာ တောင်သူ လယ်သမား အများစုနေထိုင်ပြီးတော့ လယ်ယာစိုက်ပျိုးရေးကို အဓိက မှီခိုအားထားရတဲ့ မြို့နယ် တစ်ခုဖြစ်ပါတယ်။ တစ်ဖက်ကပြန်ကြည့်တဲ့အခါကျတော့ အပူပိုင်းဇုန်ထဲမှာ ရောက်နေပြီးတော့ မိုးနည်း ရေရှား၊ မိုးခေါင်ရေရှားဒေသတစ်ခု ဖြစ်နေပါတယ်။ စိုက်ပျိုးရေသာမက သောက်သုံးရေကစပြီးတော့ ခက်ခဲတဲ့ဒေသတစ်ခုဖြစ်ပြီး မြေအောက်ရေတူးတဲ့အခါမှာလည်း ဧက ၁၀၀၀ အထိ တူးတာတောင်မှ ရေငန်ရေခါးများထွက်တဲ့အရပ်တွေရှိပါတယ်။ ဒါပေမယ့်လို့ မြို့နယ်ရဲ့ ကံကြမ္မာလို့ပြောရမှာပါ။ ကျွန်တော်တို့ရဲ့ ဘေးပတ်လည်တစ်ဖက်က ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်နှစ်ခု ကာရံထားတဲ့အခါ ကျတော့ ကျွန်တော်တို့မှာ အားကိုးစရာဆိုလို့ ဒီမြစ်ရေတင်ပြီးတော့ စိုက်ပျိုးရတဲ့လုပ်ငန်း တောင်သူ လယ်သမားတွေရဲ့ အသက်သွေးကြောဖြစ်ပါတယ်။ ဒီထဲမှာ ချင်းတွင်းမြစ်က မြစ်ရေကို လျှပ်စစ်နဲ့ တင်ပြီးတော့ ပရိမ္မ အရပ်အနီးကနေ မြစ်ရေတင်စီမံကိန်းတစ်ခု နိုင်ငံတော်က ၂၀၀၀-၂၀၀၁ ခုနှစ်က စတင်တည်ဆောက်ပြီးတော့ ၂၀၀၃-၂၀၀၄ မှာ တည်ဆောက်ပြီးခဲ့ပါတယ်။ ဒီစီမံကိန်းမှာ ဧက ၁၀၀၀၀ လို့လျာထားပေမယ့် ၂၀၁၀ စီမံကိန်းတုန်းက ဧက ၃၀၀၀ လောက်ပဲ စိုက်နိုင်တဲ့အတွက် ကျွန်တော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်မပြမေးခွန်းနှင့် မြစ်ရေတင် စီမံကိန်းကြီး၊ စီမံကိန်းလျာထားချက်နှင့် အပြည့်အဝ ဆောင်ရွက်နိုင်ဖို့ဆိုပြီးတော့ မေးခွန်းမေးခဲ့ပါ တယ်။ ဒီမေးတဲ့မေးခွန်းအပေါ်မှာ ဝန်ကြီးအနေနဲ့ ပြည်ထောင်စုဝန်ကြီးက ကျွန်တော်ဆီ စာနှင့်ပြန်ခဲ့ ပါတယ်။ ပြန်ခဲ့တာက မူလလျာထားချက် ပြည့်မီဖို့အတွက်၊ ရေပေးနိုင်ရေးအတွက် ပင်မမြောင်းတွေကို ပြန်လည်ပြုပြင်ခြင်း၊ မြောင်းပေါင်နှင့်မြောင်းချလန် ခိုင်မာကြံ့ခိုင်ရေးလုပ်ငန်းများ၊ လက်တံမြောင်း၊

လယ်ကြားမြောင်းများပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ဖို့ ခန့်မှန်းမြေကြီးကျင်း ၃၀၀၀၀ ခန့် လိုအပ်တယ်။ ဒါကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ချို့ယွင်းပျက်စီးသွားတဲ့ အုတ်စီမြောင်းနှင့် ရေပေးမြောင်း၊ ရေပေးအဆောက်အအုံတချို့ကိုလည်း ပြန်လည်ပြုပြင်ရန် လိုအပ်ပါတယ်လို့ ပြန်ကြားပါတယ်။ ဒီကိစ္စတွေနှင့်ပတ်သက်ပြီး ကျွမ်းကျင်ပညာရှင်များနှင့် တွက်ချက်ပြီးတော့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေများ တင်ပြတောင်းခံဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ခွင့်ပြုချက်ရရှိပါက လုပ်ငန်းများကို ပွင့်လင်းရာသီ အမီဆောင်ရွက်ပေးပါမယ်လို့ ၂၅-၉-၂၀၁၁ ခုက ပြန်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ဝန်ကြီးဆီက ဆောင်ရွက်ပေးမယ်၊ ပြန်ကြားပေးမယ်ဆိုပြီးတော့ ဒေသမှာရှိတဲ့ တောင်သူလယ်သမားတွေကို ဒီဘတ်ဂျက်မှာတင်ပြီးတော့ ဒီဘတ်ဂျက်ကနေ ငွေကျရင်ဆောင်ရွက်ပေးမှာပါ။ ခင်ဗျားတို့ ရေမရတဲ့ ကိစ္စလည်း ရေရမှာပါဆိုပြီးတော့ ကျွန်တော်တို့ ရှင်းပြထားပါတယ်။ အဲဒီနောက်မှာ လွှတ်တော်တစ်ကြိမ်နားတဲ့အခါကျတော့ ပေါင်တွေပြင်ဖို့ဆိုပြီးတော့ ယန္တရားပေါ့။ မြေကော်စက်ကြီးတွေ ရောက်လာပါတယ်။ တူးတာလည်းမြင်ပါတယ်။ ဒါပေမယ့် အဲဒီလုပ်ငန်း ဘယ်အဆင့်လုပ်မှာတုန်း၊ ဘယ်ပုံစံလုပ်မှာတုန်းဆိုပြီး ကျွန်တော်တို့ မြို့နယ်အာဏာပိုင်ဖြစ်တဲ့ အဲဒီတုန်းကတော့ မယကပေါ့။ မယက မေးတဲ့အခါမှာ ကျွန်တော်တို့လည်း မသိဘူး။ ဒီမြောင်းပေါင်တွေပြင်ဖို့အတွက် ဂါလန် ၂၀၀ ရတယ်ဆိုလို့ ဒါလောက်ပဲသိတယ်ဆိုပြီး ဒါလောက်ပဲ ကျွန်တော်တို့ သိခွင့်ရခဲ့ပါတယ်။ ဒါပေမယ့် တောင်သူလယ်သမားတွေကိုတော့ ဘာမှ ဒါနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးက ဆောင်ရွက်ပေးမယ် ပြောထားတယ်။ အဲဒီတော့ မကြာမီပေါ့။ မကြာမီမှာ မြစ်ရေတင်တဲ့လုပ်ငန်းတွေက ခင်ဗျားတို့ စိုက်ပျိုးရေ ရရှိလာမှာလို့ ကျွန်တော်ဖြေရှင်းပေးခဲ့ပါတယ်။ ဒါပေမယ့် ဒီထဲမှာ ဝမ်းသာစရာ သတင်းတစ်ခုပြောရင်တော့ ဒီမြစ်ရေတင်စီမံကိန်းကနေပြီးတော့ ကျွန်တော်တို့မြို့နယ်သောက်ရေရှားပါးတဲ့ ကျေးရွာဖြစ်တဲ့ ပရိမ္မ၊ ကျအို၊ တွင်းကြီး၊ အုန်းနဲဖို့ စတဲ့ စာစောက ကျွန်တော်တင်ပြတဲ့ ပေ ၁၀၀၀ တူးတာတောင်မှ ရေငန်ရေခါးထွက်တယ်ဆိုတဲ့အရပ်တွေ ရေချိုသောက်ရေသန့် မြစ်ရေရရှိခဲ့တာတော့ အားလုံးက ဝမ်းသာမဆုံး ကျေးဇူးတင်မဆုံးရှိပါတယ်။ ဒါတွေကိုလည်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင် ရန်ကုန်တိုင်းဒေသကြီး၊ သံဃာ့နာယက ဥက္ကဋ္ဌ ဆရာတော် ဦးအေးဒိဗလတို့က ကူညီပံ့ပိုးပြီးတော့ ဆောင်ရွက်ခဲ့ရတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်က ဒီရေမြောင်းနှင့်ပတ်သက်လို့ ပထမအကြိမ်မေးခဲ့ပြီးတော့ အခု ဒုတိယအကြိမ်ထပ်ပြီး မေးခွန်းမေးရတာက ကျွန်တော်တို့ ပြည်ထောင်စုအဆင့် ဝန်ကြီးများအနေနဲ့ ကျွန်တော်တို့နယ်မြေမှာ တကယ်ဖြစ်နေတဲ့ အခြေအနေကို သိစေချင်တာရယ် လုပ်ကိုင်ဆောင်ရွက်ထားတာကိုလည်း သိခွင့်ရှိရင်သိရအောင်

ဆိုပြီးတော့ ကျွန်တော် ဥက္ကဋ္ဌကြီးကနေတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။ မေးခွန်း(၁)က တွင်းကြီး(ပရိမ္မ) မြစ်ရေတင်စီမံကိန်းနှင့်ပတ်သက်ပြီးတော့ ဝန်ကြီးဌာနရဲ့ ပြုပြင်ဆောင်ရွက်ပေးခဲ့တဲ့ အခြေအနေကို ကျွန်တော်တို့ သိခွင့်ရှိမရှိ သိခွင့်ရှိပါက ကျွန်တော်သိရှိလိုပါတယ်။ နောက် ဒုတိယမေးခွန်းက မြောင်းပေါင်များ၊ မြောင်းလက်တံများ ပြုပြင်ဆောင်ရွက်တဲ့ လုပ်ငန်းကို ပြုလုပ်တဲ့နေရာမှာ မူလစီမံကိန်း၊ စီမံချက်နှင့်အညီ ဆောင်ရွက်ပြီးမပြီး ဒီမြောင်းပေါင်တွေကို မြောင်းအဆုံးပေါ့။ မူလစီမံကိန်း သတ်မှတ်တဲ့နေရာရောက်အောင် စံချိန်မီရောက်အောင် မပြုပြင်ရသေးလို့ မြောင်းအဖျားထိ ၂ မိုင်ခန့် ရေမရောက်သေးတာကိုတော့ ပြည်ထောင်စုအဆင့်က သိပါသလား။ နောက်တတိယမေးခွန်းက မြောင်းပေါင်များပြုပြင်တည်ဆောက်တယ်။ ပေါင်တွေပြင်တယ်ဆိုတဲ့လုပ်ငန်းကို ပြုလုပ်ပြီးတဲ့နောက်မှာ စိုက်ပျိုးရေးနှင့်ပတ်သက်လို့ ရေသွင်းစိုက်ကဧတွေ တိုးတက်မှုရှိမရှိ ဒါလည်းသိလိုပါတယ်။ နောက်ဆုံးမေးခွန်းကတော့ ရေတင်စီမံကိန်းထဲမှာပါဝင်နေတဲ့ လက်တံမြောင်းတွေ၊ လယ်ကြားမြောင်းတွေကိုရော ပြုပြင်ပေးခြင်းရှိမရှိ အဆိုပါ လက်တံမြောင်းတွေ၊ လယ်ကြားမြောင်းတွေဟာ ယခင်က တိမ်ကောပြီးတော့ လယ်ကွင်းတွေထဲကို ရေပို့တဲ့အခါမှာ ရေထိန်းတံတားတွေကို ရေထိန်းဂိတ်တွေ သူတို့အခေါ် Shutter လို့ခေါ်တယ်လို့ပြောပါတယ်။ အဲဒါတွေ ယခင်က တပ်ဆင်ထားတာမရှိပါဘူး။ ဒါတွေတပ်ဆင်မထားတဲ့အတွက် ရေက မလိုတဲ့အခင်းတွေထဲသွားတဲ့ မြောင်းတွေကနေထွက်သွားနေတဲ့အတွက် ရေများအလဟဿ ဆုံးရှုံးပြီး လိုတဲ့နေရာရေမရောက်နိုင်တဲ့အတွက် ဒီထိန်းဂိတ်တွေကိုရော တပ်ဆင်ပြီးမပြီး သိရှိလိုပါတယ်။ ဒီမေးခွန်း ၄ ခုကို ဒေသခံတောင်သူလယ်သမားများ အကျိုးစီးပွားအတွက် ဖြေကြားနိုင်ရန်အတွက် ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆယ်မြောင်းဝန်ကြီး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး

ဌာနမှရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ် တွင်းကြီး(ပရိမ္မ) လျှပ်စစ်မြစ်ရေတင်စီမံကိန်းဟာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက ၂၀၀၀-၂၀၀၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများအား ၂၀၀၃-၂၀၀၄ ခုနှစ်မှာ ပြီးစီးခဲ့ပါတယ်။ အကျိုးပြု ဧကစပါး ၂၅၀၀ ဧကနှင့် အခြား ရေအနည်းလိုသီးနှံ ၇၅၀၀ ဧက၊ စုစုပေါင်းဧက ၁၀၀၀၀၊ ချင်းတွင်းမြစ်မှ ရေတင်စိုက်ပျိုးနိုင်ရန် စီမံဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

၂၀၁၀ ခုနှစ် ဖြစ်ပေါ်ခဲ့တဲ့ ဂီရိမုန်တိုင်းကြောင့် ရေပေးမြောင်းများ ကျိုးပေါက်ပျက်စီးမှု၊ ရေပေးအဆောက်အအုံတချို့ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် မူလလျာထားဧကပြည့်မီအောင် ရေပေး နိုင်ရေးအတွက် ပင်မမြောင်းအားပြန်လည်ပြုပြင်ခြင်း၊ မြောင်းဘောင်နှင့် မြောင်းဆလံများ ခိုင်မာ ကြံ့ခိုင်ရေးလုပ်ငန်းများနှင့် လက်တံမြောင်း၊ လယ်ခြားမြောင်းများ ပြုပြင်ဆောင်ရွက်ရန် အတွက် ခန့်မှန်းမြေကြီးကျင်း ၃၀၀၀၀ ခန့် လုပ်ငန်းဆောင်ရွက်ရပါတယ်။ ချို့ယွင်းပျက်စီးသွားတဲ့ အုတ်စီမြောင်းနှင့် ရေပေးအဆောက်အအုံ အချို့အားလည်း ပြန်လည်ပြုပြင်ရမှာဖြစ်တယ်လို့ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ဖြေကြားခဲ့တဲ့အတိုင်း ၂၀၁၁-၂၀၁၂ ခုနှစ်မှာ ပင်မမြောင်းပြုပြင်ခြင်း၊ ပေအရှည် ၂၈၇၀၀ ပေ၊ လက်တံတစ်မြောင်း ပေအရှည် ၄၃၀၀ ပေ၊ လက်တံခွဲမြောင်း ၃ ခု ပေအရှည် ၉၄၀၀ ပေ၊ စုစုပေါင်း မြေကြီးကျင်းပေါင်း ၅၆၈၄၇ ကျင်းအား ဌာနပိုင်စက်ယန္တယား အသုံးပြုပြင်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ တူးမြောင်းအဆောက်အအုံ များအနေနဲ့ ယခင်ကတပ်ဆင်နိုင်ခြင်းမရှိသေးတဲ့ ရေထုတ်ပေါက်နှင့်ရေထိန်းတံခါး ၅ ခုတွင် ရေတံခါးရွက်တပ်ဆင်ခဲ့ပါတယ်။ ထို့အပြင် ပင်မမြောင်းအား RD-၂၀၀၀၀ တွင် ရေဆိုးထုတ် တိုးချဲ့ပြုပြင်ခြင်း၊ လက်တံခွဲမြောင်း ပေ ၁၆၀ ကို လိုင်နင်စီခြင်း ပင်မမြောင်း RD-၉၁၀၀ ပေတွင် ကွန်ကရစ်တံတား အသစ်တစ်ခုတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ လက်တံ ၃ မြောင်းအား RD- ၀ ပေ မှ ၃၀၀၀ ပေအထိ ပေအရှည် ၃၀၀၀၊ မြေကြီးကျင်း ၂၇၅၀ အား ဌာနပိုင်စက်ယန္တယားကိုအသုံးပြုပြီး ပြုပြင်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါ တယ်။ တူးမြောင်းပေါင်များ ပြုပြင်နေစဉ်အတွင်း ၂၀၁၁-၂၀၁၂ ခုနှစ်၊ မိုးသီးနှံ၊ နွေသီးနှံစုစုပေါင်း ၁၁၃၅ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ် စုစုပေါင်း ဧက ၁၇၀၀ ကျော်ဧက လျာထား စိုက်ပျိုးလျက်ရှိပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ တွင်းကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ အကျိုးပြုဧက မပြည့်မီ ရခြင်းရဲ့အကြောင်းများမှာ -

(က) မူလစီမံကိန်းဆောင်ရွက်စဉ် အသေးစိတ်မြေအနိမ့်အမြင့် တိုင်းတာမှုအားနည်းပြီး (1ft Contour Interval ) မဆောင်ရွက်နိုင်ခဲ့ခြင်း။

(ခ) စီမံကိန်း ဆောင်ရွက်ခဲ့စဉ်က တူးမြောင်းစနစ် (Canal Network) ပြည့်စုံစွာ ဆောင်ရွက်နိုင်မှု မရှိခဲ့ခြင်း။

(ဂ) ယာမြေမှ လယ်မြေသို့ ပြောင်းလဲရခြင်းသည် မြေညီညာမှုရှိအောင် ပြုပြင်ရခြင်း၊ ကန်သင်းကန့်ရခြင်း စသည့် လုပ်ငန်းများဆောင်ရွက်ရမှာဖြစ်ပြီး၊ ကုန်ကျစရိတ်များပြားသဖြင့် တောင်သူများ ဆောင်ရွက်ရန် အခက်အခဲရှိပြီး ယာမြေမှ လယ်မြေ မပြောင်းနိုင်သေးသည့် ယာမြေများအား ရေပေးရာတွင် ထိရောက်မှုမရှိခြင်း။

(ဃ) မြောင်းအချို့နေရာများမှာ သဲဆန်သောမြေ (Sandy Soil) များနှင့် ရေတွင် ပျော်ဝင်လွယ်တဲ့မြေ (Dispersive Soil) များ ပါဝင်သဖြင့် မြောင်းများ မကြာခဏကျိုးပေါက်ခြင်း နှင့် ရေစိမ့်၍ ရေဆုံးရှုံးမှုများစွာဖြစ်ပေါ်ခြင်း။

(င) တောင်သူများ ရေယူသုံးစွဲရာ၌ (Water User's Group) အဖွဲ့မှ စနစ်တကျ စီမံဆောင်ရွက် မှုအားနည်းခြင်း။

(စ) တောင်သူများမှ လယ်ကြားမြောင်းဖောက်လုပ်ရန် လိုအပ်ခြင်း စတဲ့အချက်များကြောင့် ဖြစ်ပါတယ်။

မြောင်းဆုံးရေရောက်ရှိရေး မြောင်းပေါင်ပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရာမှာ ပင်မမြောင်း RD -၁၁၇၀၀ ပေထိသာ ဆောင်ရွက်ခဲ့ပြီး ပင်မမြောင်းဆုံးအထိ ရေရောက်ရှိနိုင်ရေးအတွက် မြောင်းပေါင်ပြုပြင်ရန်ကျန်ရှိသော RD -၁၁၇၀၀ မှ ၁၉၁၀၀ ထိ ၇၄၀၀ ပေ မြေကြီးကျင်း ၂၅၉၅၉ ကျင်းနှင့် ပင်မမြောင်း RD -၂၆၇၂၅ ပေတွင် ၂ ပေ X ၂ ပေ X ၆၀ ပေ ရေဆိုးထုတ် ၁ ခု နှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။ စီမံကိန်း ဧကများ ပြည့်ဝစွာရေပေးနိုင်ရေးအတွက် ရေပေးမြောင်းများမှာ ဒီဇိုင်းရေထုစီးနှုန်း (Design Discharge) အပြည့်အဝ ရရှိအောင်ဆောင်ရွက်ခြင်း၊ ရေဆုံးရှုံးမှုနည်းအောင် သဲမြေများတွင် လိုင်နင်စီခြင်း၊ တောင်သူများမှ လယ်ကြားမြောင်းများ တိုးချဲ့တည်ဆောက်ပေးရန် လိုအပ်ပါတယ်။ အခြားတစ်ဖက်မှာလည်းပဲ ခေတ်မီစက်မှုလယ်ယာစနစ်အရ မြေညှိပြုပြင်ခြင်း၊ စီးပွားရေးတွက်ခြေကိုက်ပြီး

ရေသုံးစွဲမှုနည်းပါးသည့် သီးနှံပုံစံတွဲများဖြင့် ပြောင်းလဲစိုက်ပျိုးခြင်း ဆောင်ရွက်ရန် လိုအပ်ပါတယ်။ တွင်းကြီးမြစ်ရေတင်လုပ်ငန်းအား ၃၁-၁၂-၂၀၁၂ ရက်နေ့မှစ၍ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်၍ နှစ်အလိုက်ပြုပြင်ရန် လိုအပ်ချက်များအား တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ သက်ဆိုင်ရာရန်ပုံငွေများ တောင်းခံပြီး ပြည်ထောင်စုအစိုးရအဖွဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအုန်းငွေတင်ပြချက်နှင့်ပတ်သက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးကော်မတီ အစိုးရ၏ အာမခံချက်များနှင့် ကတိကဝတ်ဆန်းစစ်ရေးကော်မတီတို့မှ စိစစ်ပြီး တကယ်လိုအပ်လို့ လုပ်မယ်ဆိုရင် ယခုနှစ် ဘဏ္ဍာနှစ်မှာ လုပ်ငန်းစီမံကိန်းမှာ ပါဝင်နိုင်ရေးအတွက် စိစစ်ဆောင်ရွက် သွားရန်လိုပါတယ်။ ပြီးခဲ့တဲ့အချိန်ကာလက ဒီပဲယင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်နှင့် အခြား လွှတ်တော်ကိုယ်စားလှယ်များ ဒေသခံပြည်သူများရဲ့ တင်ပြချက်အရ စီမံကိန်းအသစ်များကို ဆောင်ရွက်နေတာကောင်းသလို စီမံကိန်းအဟောင်းများက မပြီးပြတ်သေးတဲ့ကိစ္စ ပြုပြင်ရန်ကိစ္စ များကို ပြုပြင်ဆောင်ရွက်ခြင်းဟာ ပို၍အကျိုးရှိကြောင်း တင်ပြထားတာရှိတဲ့အတွက် အခုကိစ္စသည် စီမံကိန်းအဟောင်းက ကိစ္စဖြစ်ပြီး မူလစီမံကိန်းရည်မှန်းချက်မရောက်ရှိခြင်းမှာ အခြားအကြောင်း များကြောင့် ရှိနိုင်တဲ့အတွက် ဒါကိုဆန်းစစ်ပြီး ဒေသခံတောင်သူလယ်သမားများ၊ ပြည်သူများ အကျိုး စီးပွားအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များနှင့် ကတိ ကဝတ်လေ့လာဆန်းစစ်ရေးကော်မတီတို့က စိစစ်ပြီး ယခုနှစ် ဘဏ္ဍာနှစ်မှာ ဒီလုပ်ငန်းများ ပါဝင်နိုင် ရေးအတွက် စိစစ်ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။

## အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ ဖြန့်ဝေထားရှိမှုအား လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဆွေးနွေးလိုသည့်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ဖြစ်သော ၇-၉-၂၀၁၂ ရက်နေ့တွင် ပြဋ္ဌာန်း၍ ၂-၁၁-၂၀၁၂ ရက်နေ့တွင် နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုး ထုတ်ပြန်ပြီး ဖြစ်ပါတယ်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများကို ယနေ့ ၅-၂-၂၀၁၃ ရက်နေ့မှာ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများအား လေ့လာ၍ ပြင်ဆင်ပယ်ဖျက်ဖြည့်စွက်ပေးရန်ရှိပါက အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသား၍ ၁၃-၂-၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းကြရန်နှင့် ၂၀-၂-၂၀၁၃ ရက်နေ့တွင် ဤလွှတ်တော်မှ အပြီးဆွေးနွေးဆုံးဖြတ်နိုင်ရန်အတွက် ဥပဒေကြမ်းကော်မတီနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုပြီးဖြစ်သော အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ၂၈-၁-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ယင်းဥပဒေကြမ်းရဲ့ မိတ္တူများကို

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံ လေ့လာနိုင်ရန် ဖြန့်ဝေထားကြောင်း အသိပေးတင်ပြပါတယ်။

## အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်တွင် စတင်တင်သွင်းပြီး အတည်ပြုပြီးဖြစ်သော အထူးကာလစည်းကမ်းသတ်နှင့် အတိုး ကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား တင်သွင်း ရန် ဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မ ကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဌေးကြွယ် ဖြစ်ပါတယ်။ ကျွန်မမှာ အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်း သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံ စာကို ဥပဒေကြမ်းကော်မတီကိုယ်စား ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသော အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ် ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်မရှိအတည်ပြု၍ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ၁၉၅၀ ပြည့်နှစ် အက်ဥပဒေအမှတ် ၁၉ အဖြစ် ထုတ်ပြန်ခဲ့ပြီး ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့၌ အာဏာတည် သည်ဟု ဖော်ပြပါရှိ၍ ၎င်းဥပဒေ၌ ပုဒ်မပေါင်း ၄ ခု ပါဝင်ပါသည်။

၃။ အဆိုပါအက်ဥပဒေသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် ရောင်စုံသောင်းကျန်းသူများ ဆူပူမှုကြောင့် တရားဝင်အစိုးရ၏ မြို့ပြဆိုင်ရာအုပ်ချုပ်ရေးကို ခေတ္တရပ်သိမ်းခဲ့သည့်နေ့မှ နိုင်ငံတော်သမ္မတက ထိုဒေသအတွက် အမိန့်ထုတ်ပြန်သည့်နေ့အထိ ကာလကို ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၄ ၏ အနက်အဓိပ္ပာယ်အရ ပိတ်ထားသည်ဟု မှတ်ယူရန်နှင့် ငွေချေးပဋိညာဉ်အရဖြစ်စေ၊ အပေါင်စာချုပ်အရဖြစ်စေ၊ ထုတ်ပေးသော ချေးငွေအပေါ်၌ သို့မဟုတ် ပေါင်နှံခြင်းအပေါ်၌ ထိုကာလအတွက် မထိုက်သင့်စေရကြောင်း ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။

၄။ ယခုအခါ ခေတ်ကာလအခြေအနေနှင့် ဆီလျော်မှုမရှိတော့ခြင်း၊ အချိန်ကာလကြာမြင့်စွာ ကျင့်သုံးမှုမရှိခြင်း၊ အနာဂတ်ကာလတွင်လည်း ကျင့်သုံးရန်အကြောင်းမရှိခြင်းတို့ကြောင့် ရုပ်သိမ်းရန် လိုအပ်သဖြင့် ရေးဆွဲတင်ပြခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၅။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၁-၂-၂၀၁၃ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်ခဲ့ကြပါသည်။

၆။ သို့ဖြစ်၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့သော အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ အရ စိစစ်၍ နည်းဥပဒေ ၄၅ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ (ကြိဘာသံများ)

## အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အထူးကာလစည်းကမ်းသတ်နှင့် အတိုးကန့်သတ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာဖော်ပြ၍ ၈-၂-၂၀၁၃ ရက် ၁၃:၀၀ နာရီအချိန် နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းကြရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ဖြစ်သော ၂၂-၁-၂၀၁၃ ရက်နေ့တွင် ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လွှတ်တော်သို့ တင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လို့သည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၅-၁-၂၀၁၃ ရက်နေ့နောက်ဆုံးထားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းရန် ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ဆွေးနွေးချက်များကို တင်ပြလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသွားတဲ့ ရာဇသတ်ကြီးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာအရ ပြင်ဆင်ချက်တစ်စုံတစ်ရာမရှိကြောင်းလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် ရာဇသတ်ကြီးဥပဒေကို

ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ်မှာ ပြင်ဆင်ချက်မရှိအတည်ပြုကြောင်း လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူ မရှိတဲ့အတွက် ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေးရဲ့ (၁၄) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅) ရက်မြောက်နေ့ ကျင်းပမည့်နေရက်နှင့် အချိန်ကိုကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၄) ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။ ပထမကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၁း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။**]**